ရှိလျှင်အောင်မြင်နိုင်သည်။ 只要有毅力就能成功。

**ဝီးကနဲ** ကဝ၊ <wi: g-ne:> "呼"地一声： ကား ～ မောင်းသွားသည်။ 汽车呼的一声开走了。

**ဝူဖရမ်** န၊ <wu ph-ran> [英 wolfram]【矿】钨

**ဝူး** က၊ <wu:> (汽车开动声)呜： ～ ဟုအသံပြု၍တဖက်မှလည်း ～ ဟုပြန်ထူးသည်။ 这边"呜"地叫了一声,那边也"呜"地回了一声。/ ကားကို ～ ကနဲမောင်းထွက်သွားလေ၏။ 汽车"呜"的一声开走了。

**ဝူးဝါးဝူးဝါး** ကဝ၊ <wu: wa: wu: wa:> (生气、吵架时的说话声)叽哩哇啦地,含糊不清：သူစကားပြောတာ ～ နဲ့။ 他的话说得呜鲁呜鲁的(不清楚)。

**ဝူးဝူးဝါးဝါး** ကဝ၊ <wu: wu: wa: wa:> (气得)丧失理智地

**ဝေ့** က၊ <wei'> ①(风)卷;转弯儿,绕弯儿,缭绕： လေက ～ ကနဲတချက်တိုက်လိုက်တယ်။ 风呼地卷起来了。/ မင်းဘယ်ကိုသွား ～ သလဲ။ 你到哪儿溜达去了。/ ～တေ့တေ့ပြောတယ်။ 转弯抹角地说。/ အနီးအပါးကို ～ ၍ကြည့်လိုက်သည်။ 向附近扫了一眼。②(油)淌着;(颜色)充满： စွန်သည် ～ ကာ ～ ကာအောက်သို့ကျလာသည်။ 风筝飘飘摇摇地掉了下来。/ ကြက်သားဟင်းကဆီတွေ ～ နေတာပဲ။ 炖鸡肉上泛着一层油。

**ဝေ့စကုတ်** န၊ <wei' s-kout> [英 waist-Coat] 背心,马甲

**ဝေ့ပတ်** က၊ <wei' pat> 拐弯,转弯

**ဝေ့လည်ကြောင်ပတ်** ကဝ၊ <wei' le kyaun pat / wei' le gyaun bat> 拐弯抹角,避重就轻： ရှင်းရှင်းလင်းလင်းပြောလိုက်ကွာ၊ ～ လုပ်မနေနဲ့။ 说清楚点,别转弯抹角的。

**ဝေ့လည်လည် / ဝေ့လယ်လယ်** ကဝ၊ <wei' le le> 徘徊地;不着边际地,拐弯抹角地： ～ ပြန်ပြောသည်။ 转弯抹角地回答。/ ～ ဖြစ်သည်။ 踌躇。

**ဝေ့လည်ဝေ့လည်** ကဝ၊ <wei' le wei' le> ①拐弯抹角,拐来拐去： ဒီနားလာပြီး ～ လုပ်နေတယ်။ 到这边来转悠。②弄不懂,不清楚： ကဗျာရဲ့သဘောကိုဘယ်လောက်ရှင်းပြရှင်းပြ ～ ဖြစ်နေတုန်းပဲ။ 不管怎么讲解还是弄不懂诗的含义。

**ဝေ့ဝိုက်** က၊ <wei' wait> ①环绕,绕弯,回环： အခန်းတွင်း ～ ကြည့်လိုက်သည်။ 环视一下屋里。/ ထမီအနားဝေ့ဝေ့ဝိုက်ဝိုက်ကလေးပုံကျနေသည်။ (坐下来时)筒裙边儿曲曲弯弯地堆在地上。②绕着说,拐弯抹角： စကားကိုတဲ့တိုးမပြောပဲ ～ ၍ပြောသည်၊ 话不直说绕着说。

**ဝေ I** က၊ <wei> ①分,分配： သာတူညီမျှ ～ ပေးသည်။ 平均分配。②分发,发行,发送： ရုပ်ရှင်ကြော်ငြာ ～ တယ်။ 分发电影广告。/ စာ ～ နေ၏။ 正在分信。③茂盛,繁茂： ပန်းတွေ ～ နေအောင်ပွင့်တယ်။ 花开得很茂盛。/ မြို့တွင်း၌လျှပ်စစ်မီးတွေတ ～ ～ နှင့်။ 全城一片灯火。④溢出,充满,充溢： ထမင်းအိုး ～ ကျတယ်။ 饭锅溢了。/ ရင်မှာကရုဏာတရားတွေ ～ သွားတယ်။ 心中充满了同情。/ ဒုက္ခပင်လယ် ～ သည်။ 苦海无边。⑤阴晦朦胧,含糊：ကောင်းကင်တခွင်လုံး ～ နေတယ်။ 天空一片朦胧。⑥犹疑,迷茫： တချို့ကြားထဲမှာ ～ နေကြတယ်။ 有的人犹疑不决。⑥(眼)昏花;头昏： အသက်ကြီး၍မျက်စိ ～ နေသည်။ 上了岁数眼也花了。/ ခေါင်း ～ နေတယ်။ 头昏。**II** အာ၊ <wei> (方)(应声)哎!

**ဝေခြမ်း** က၊ <wei khyan:> 分发,分给

**ဝေခွဲ** က၊ <wei khwe:> ①分清,区分,判断,分辨： အစစ်နဲ့အတုကို ～ ပိုင်းခြားတတ်ရမယ်။ 要善于区分真假。/ ဘယ်သွားဘယ်လာရမည်ဟုမ ～ နိုင်။ 不知何去何从。②分配： အမြတ်ကို ～ ယူကြသည်။ 分取利润。

**ဝေဂါ** န၊ <wei ga> 维吾尔族

**ဝေငှ** က၊ <wei hnga'> 分配,分发： ～ ဖြန့်ဖြူးသည်။ 发行,分发。

**ဝေစားမျှစား** ကဝ၊ <wei za: hmya' za:> 平均分配： ဖရဲသီးသုံးလုံးပဲဝယ်ရခဲ့လို့ကျနော်တို့လူစု ～ လုပ်လိုက်ရတယ်။ 只买了三个西瓜,我们只能分着吃了。

**ဝေစု** န၊ <wei zu'> 分得的一份,份额,份儿： ～ ခွဲသည်။ 分份儿。/ ～ ရသည်။ 得到一份。

**ဝေစုချ** က၊ <wei zu' khya'> 分配,分摊,摊派

**ဝေစုပုံတာ** န၊ <wei zu' pon ta> = ဝေပုံ

**ဝေစည်** က၊ <wei si> 茂盛,丰富,丰盛

**ဝေဆာ** က၊ <wei hsa> 繁茂,丰富多采,多采多姿： ဆိုရှယ်လစ်အနုပညာပန်းမာလ်တွေ ～ ဖူးနေ၏။ 社会主义文艺之花盛开。/ ဝေဝေဆာဆာခင်းကျင်းကပြသွားသည်။ 进行了丰富多采的演出。/ အချက်အလက် ～ စွာဖြင့်ဟောပြောသွားသည်။ 讲话内容非常丰富。/ စကားလုံးဝေဝေဆာဆာမသုံးချေ။ 不堆砌华丽的词藻。

**ဝေဇယန်** န၊ <wei z- yan> = ဝေဇယန္တာပြာသာဒ်

**ဝေဇယန္တာပြာသာဒ်** န၊ <wei z-yan da pyat that> 天帝住的宫殿。

**ဝေဇယန္တာရထား** န၊ <wei z-yan da y-hta:>【佛】帝天释的御乘

**ဝေတူဝေမျှ** ကဝ၊ <wei du wei hmya'> 平均,均匀： သူတို့နှစ်ယောက် ～ စိုက်ထုတ်၍ပေးလျော်ရသည်။ 他们两个平均分摊赔偿。

**ဝေတမ်း** န၊ <wei dan:> (罕) = ဝေစု

**ဝေတမ်းဝေပုံ** န၊ <wei dan: wei bon> = ဝေစု

**ဝေဒ** န၊ <wei da'> 〔梵〕吠陀,学问

**ဝေဒနာ** န၊ <wei d-na> 〔巴〕①感受： သုခ ～ ဒုက္ခ ～ 幸福和痛苦 ②痛苦;病症： စေတနာဟာ ～ ဖြစ်ရတယ်။ 好心变成了恶意。/ ～ ဆင့် 并发症

**ဝေဒနာရှင် / ဝေဒနာသည်** န၊ <wei d-na shin / wei d-na dhe> 患者,病人,病员